www.burmeseclassic.com

# မတော်တရော်

## ဂျူး

တခါတခါတော့လည်း ကျွန်မတို့ မြန်မာယောကျ်ားတွေ တော်တော်စိတ်ထား မြင့်မြတ်ကြပါရဲ့ဟု ရေရွတ်မိသည်။ ကျွန်မ စိတ်တိုင်းမကျစရာ အမျိုးသမီးရုပ်တွေနှင့် ပြက္ခဒိန်တို့ Wall Sheet တို့ကို မြင်မိသည့်အခါမျိုးမှာ ဖြစ်တတ်သည်။ မြန်မာ့ ရုပ်မြင်သံကြားနှင့် မြဝတီကကြော်ငြာတွေကို မြင်မိသည့်အခါမျိုးမှာ ဖြစ်တတ်သည်။
ကျွန်မတို့ မြန်မာရုပ်ရှင်မင်းသမီးတချို့၊ ကိုယ်ဟန်ပြမယ်တချို့သည် ဓာတ်ပုံရိုက်ခံလျှင် အလိုအလျောက်ပင် မတော်မတဲ့ ဟန်ပန်တွေ ဖြစ်ကုန်တတ်ကြလေသလား။ ဒါတော့ ကျွန်မ မသိနိုင်ပေ။ ကျွန်မ မြင်တွေ့နေရသည့် ကိုယ်ဟန်တွေကတော့ နည်းနည်းမှ ကြည့်မကောင်းပါ။ အထူးသဖြင့် ထိုင်လျက်ပုံတွေဖြစ်သည်။ ကုလားထိုင်ပေါ်မှာပဲ ထိုင်ထိုင်၊ မြက်ခင်းပေါ်မှာပဲ ထိုင်ထိုင်၊ ထိုင်လိုက်သမျှ ကိုယ်ဟန်တွေက ယောကျ်ားတွေအတွက် စိတ်ရိုင်းဝင်စရာ ဟန်တွေချည့် ဖြစ်သည်။ လှသလားဆိုတော့ အဲဒီဟန်တွေက နည်းနည်းမျှ မလှ။ ယောကျ်ားတွေ့ရဲ့ ဆွဲဆောင်သည်ဆိုလျှင်လည်း ပြေပြေပြစ်ပြစ် ဆွဲဆောင်နိုင်မှာမဟုတ်။ အနုပညာပါပါ ဆွဲဆောင်မှာ မဟုတ်။ တစ်တစ်ခွခွ ဆွဲဆောင်ခြင်းပဲ ဖြစ်နိုင်သည်။

ကျွန်မတို့နိုင်ငံမှာ ဘာ့ကြောင့် ပြက္ခဒိန်တွေ Wall Sheet တွေ ဖောင်းပွနေရသလဲ . . . ဟု ကျွန်မ တခါတလေ စဉ်းစားကြည့်မိသည်။ ဈေးကွက်ကောင်းလို့ပေါ့၊ ဝယ်သူများလို့ပေါ့ ဟု ကျွန်မကလွှဲပြီး လူတိုင်းကြိုက်နေသည့်ပေါ့။ ဒါဖြင့် ယောကျ်ားတွေနဲ့ မိန်းမတွေ ဘယ်သူက သည်ပုံတွေကို ပိုကြိုက်မှာပါလိမ့်။ ယောကျ်ားတွေက ပိုဝယ်သလား၊ ကျွန်မမိတ်ဆွေ ယောကျ်ားတွေက သည်ပုံကို ဝယ်တာ တခါမျှ မတွေ့ဘူးပါ။ တခါတုန်းကတော့ ယောကျ်ား သူငယ်ချင်းတယောက်၏ အိပ်ခန်းကို တစွန်းတစ မြင်ရတုန်းက သူ့အခန်းနံရံမှာ အမေရိကန်အဆိုတော် မက်ဒေါနား၏ ပုံ Wall Sheet နှစ်ခုလား ဖြတ်ကနဲ၊ တွေ့လိုက်ဖူးသည်။ ဒါပဲ။ သည်တော့လည်း

www.burmeseclassic.com

သည်ပြက္ခဒိန်တွေကို ဘယ်သူတွေက ဝယ်နေကြပါသလဲ ဟု ကျွန်မ စိတ်ဝင်စားသွားရလေသည်။

ပြက္ခဒိန်ဆိုသည်မှာ အများအားဖြင့် အိမ်တအိမ်၏ ဧည့်ခန်းမှာ နေရာပေးခံရတတ်သည်။ ဧည့်ခန်းမှာ နေရာပေးခံရမည့် ပြက္ခဒိန်သည် အနုပညာမြောက်ရမည်၊ ဓာတ်ပုံကို ကြည့်ရင်း စိတ်ချမ်းမြေ့စေရမည်။ ကျွန်မတို့ဆီက ပန်းရိုးမ ပြက္ခဒိန်များသည် သူတို့ဆီက ပြက္ခဒိန်များလိုပင် အနုပညာဆန်စွာ မျက်စိပေဒသာ ဖြစ်စေသည်။ ကျွန်မ အကြိုက်ဆုံး မြန်မာနိုင်ငံ ပြက္ခဒိန်မှာ ပန်းရိုးမဖြစ်သည်။ အရင်တုန်းက ပန်းရိုးမပြက္ခဒိန်ကို လက်ဆောင်မရလျှင် ဝယ်၍ အိမ်မှာ ချိတ်ဆွဲခဲ့ဖူးသည်။ ဒုတိယအကြိုက်ဆုံး မြဝတီပြက္ခဒိန် ဖြစ်ခဲ့သည်။ ကျွန်မ နှစ်သက်ဖူးသည့် ပြက္ခဒိန်များ၌ ရုပ်ရှင်မင်းသမီးပုံပါသော ပြက္ခဒိန်တွေလည်း ရှိခဲ့ဖူးပါသည်။ ကိုယ်အထက်ပိုင်း သုံးပုံတပုံ ဒါမဟုတ် မျက်နှာပိုင်း ဓာတ်ပုံများ ဖြစ်သည်။ ကျွန်မ မှတ်မိသလောက်တော့ ဓာတ်ပုံသိန်းဖေါ်လွင်နှင့် မိတ်ကပ် မေသီခလား အဲသည်လို နာမည်မျိုးနှင့် ဓာတ်ပုံများဖြစ်သည်။ ရင်ကို အသားပေးတာ တင်ကို အသားပေးတာ တခုမှမရှိ။ မျက်နှာပိုင်းနှင့် လည်ပင်းပိုင်းပဲပါသည်။ အလင်း အမှောင်၊ မျက်နှာထား၊ မိတ်ကပ်၊ ဆေးရောင် အလွန်ပြေပြစ်သည့် ဓာတ်ပုံများဖြစ်သည်။

ယခုတော့ ပြက္ခဒိန် ဝယ်ကျင့်မရှိတော့သဖြင့် ပြက္ခဒိန်တန်းတွေဆီ မရောက်ဖြစ်တာ နှစ်ပေါင်းကြာခဲ့ပြီ။ သွားရင်းလာရင်း တိုးလိုးတန်းလန်း ချိတ်ထားသည့် ပြက္ခဒိန်များကို မြင်ရတာကတော့ သိပ်အခြေအနေ မကောင်းပါ။ ကျွန်မ သူငယ်ချင်း ယောကျ်ားလေး သုံးလေးယောက်ကို ပြက္ခဒိန်ထဲက အမျိုးသမီးတွေအကြောင်း ပြောပြဖူးသည်။ အဲသည် ဓာတ်ပုံတွေ ဟန်တွေက သူတို့၏စိတ်ကို မည်ကဲ့သို့ ဖြစ်ပေါ်စေသလဲဟု မေးကြည့်သည်။ သူတို့ ကျွန်မကို ဆဲကြပါသည်။

ကျွန်မတို့ဆီမှာ သူတို့ဆီလောက် ညစ်ညမ်းမှုတွေ မရှိကြလို့ တော်ပါသေးရဲ့။ လိင်ဆိုင်ရာ အသားယူ အမြတ်ထုတ်ခြင်း၊ ချဉ်းကပ်ခြင်း၊ စမ်းသပ်ခြင်းမှအစ မုဒိမ်းမှုအထိ သူတို့ နိုင်ငံမှာလို မများလို့ တော်ပါသေးရဲ့။ မြန်မာအမျိုးသမီးတွေ၏ လုံခြုံစွာ ဝတ်စားဆင်ယင်မှုလည်း တကြောင်းပါလိမ့်မည်။ မြန်မာအမျိုးသမီးတွေ၏

www.burmeseclassic.com

ကိုယ်ကျင့်သိက္ခာ တည်ကြည်အောင် ကြိုးစားထိန်းချုပ်မှုလည်း တကြောင်းပါလိမ့်မည်။ ဘတ်ကားပေါ်မှာ၊ လမ်းပေါ်က လူသွားစင်္ကြန်ပေါ်မှာ လိင်မှုဆိုင်ရာ ညစ်ညမ်းသည့် အပြောအဆို၊ ဟန်အမူအရာဖြင့် အမျိုးသမီးများအား နှောက်ယှက်သည့် ယောကျ်ားတွေလည်း ရှိတော့ ရှိတာပေါ့လေ။ လူနည်းစုဖြစ်သဖြင့် ကျွန်မတို့ ရှောင်ရှားလို့ရပါသည်။ လူနည်းစု၏ မတော်တရော် စိတ်ထားမျိုး လူများစု ပေါ်ပေါက်လာလျှင် ဒုက္ခပဲဟု ကျွန်မ မကြာခဏ ကြောက်ရွံ့ စိုးရိမ်မိရသည်။ ကျွန်မ တယောက်တည်းပဲ စိုးရိမ်နေသလား မသိ။ ဓာတ်ပုံရှင် အမျိုးသမီးတွေမှာ ကျွန်မထက် ပိုပြီး လုံခြုံစိတ်တွေ ရှိနေသလား။ ဒါမှမဟုတ် ဤကဲ့သို့သော အကြောင်းကြောင့် ထိုကဲ့သို့ အကျိုးဖြစ်ပေါ်တန်ကောင်းဟုပင် မစဉ်းစားမိကြတာလား၊ ကျွန်မ မသိနိုင်ပါ။

ယခုခေတ်သည် ရုပ်ဝတ္ထုကို အသားပေးလာသည့် ခေတ်ဟု ဆိုရမည်ထင်သည်။ အခြေအနေအရ ပညာနှင့် ဦးနှောက် အရည်အချင်းကို လူမြင်သာအောင် ကြွားဝါလို့ မရသည့်အခါ ရုပ်ပိုင်းဆိုင်ရာ ဖြည့်စွက်မှုများ၏ အရည်အချင်းကို ကောင်းသည်ထက် ကောင်းအောင် ကြိုးစားလာကြပုံ ပေါ်ပါသည်။ မိန်းကလေးတွေ ယောကျ်ားလေးတွေ၏ ဝတ်စားဆင်ယင်မှုက ငွေကြေးတန်ဖိုးအရ တော်တော်ကို တိုးတက်လာ၏။ မိန်းမမော်ဒယ်တွေပါ နေရာရ ခေတ်စားလာသည်။

အခုခေတ်ကို မော်ဒယ်ခေတ်ဟု တချို့က သတ်မှတ်ကြ၏။ ယခု နှစ်နှစ် သုံးနှစ်အတွင်း မော်ဒယ်ယဉ်ကျေးမှု ထွန်းကားလာသည်မှာလည်း ကျွန်မတို့ မျက်မြင်ပဲ။ မော်ဒယ်အပေါ် ထားသည့် လူကြီးမိဘ၏ သဘောထားတွေပင် ပြောင်းလဲကုန်ပြီ။ အရင်က ကိုယ်ဟန်ပြမယ်အဖြစ် မထမဆုရသည့် သမီး၏ အောင်မြင်မှုကို လူထဲသူထဲမှာ ထုတ်ဖော်ဂုဏ်ယူဖို့ ရှက်ရွံ့သည့် ဖခင်များအကြောင်း ခဏခဏ ကြားခဲ့ဖူး၏။ ယခုအခါ အဲသည်အဖြစ်မျိုး မရှိတော့ဘူး ထင်သည်။ ဖက်ရှင်မယ်တွေ ဖက်ရှင်ပြိုင်ပွဲတွေသည် (ဖျက်ခံထားရ) အခန်းကဏ္ဍ တခုအဖြစ် တွင်ကျယ်စွာ နေရာယူလာနိုင်ပြီ။ မော်ဒယ်ပြိုင်ပွဲအတွက် သတ်မှတ်စံတွေကလည်း အမျိုးမျိုးဖြစ်လာသည်။ အရင်တုန်းက ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်လှပမှုကို တိုင်းတာသော စံက တမျိုးတည်းသာ။ ခါးသေး ရင်ချီ အောက်ပိုင်းဖွံ့ထွားမှုဖြင့်

www.burmeseclassic.com

တိုင်းတာသည်။ ယခုအခါ ပိန်ပိန်သွယ်သွယ် ကိုယ်ခန္ဓာများပါ နေရာရလာသည်။ အဝတ်အစားတွေကလည်း စုံအမျိုးမျိုး ဖြစ်လာသည်။

တလောဆီတုန်းက ကိုယ်ခန္ဓာကို စုထုတ်ထားသလို ကျပ်နေအောင်ဝတ်ပြီး မိမိခန္ဓာကိုယ်ကို ထင်းထင်းကြီး ရင်သတ်ရှုမော အံ့ဩစေခဲ့ကြပါသည်။ ယခုအချိန်မှာ ပွပွယောင်းယောင်း ပါးပါးပျော့ပျော့ အိအိဆိုတော့ လုံခြုံစွာ နူးညံ့စွာ ရင်ခုန်ရတာပေါ့လေဟု စိတ်ချလက်ချရှိသည်က တခဏပဲ။ တဖြည်းဖြည်း သတိထားမိလာသည်ကတော့ ဝတ်စုံတွေ ပိုပိုပြီး ပျော့အိလာ၊ ပိုပိုပြီး ပါးလှပ်လာခြင်းဖြစ်သည်။ ဟိုခေတ်က ဝိုင်၊ ပဒုမ္မာတို့ မှန်နိုင်လွန်တို့လည်း ပါးတာပါပဲ။ အကျီအဖြစ် ဘော်လီအထက်မှာ ပါးပါးလှပ်လှပ် မြင်ရခြင်းက တမျိုး အရသာ ပေါ့လေ။ ယခုခေတ်မှာ ကတည်းက ကျွန်မတို့ မြန်မာမိန်းကလေးတွေ ဝတ်နေခဲ့သည်က လိုင်ဆွဲဆောင်မှုရှိသည့် ပြန့်ထမီတွေ။ သုံးတောင်ဝတ် မိန်းမသားဟု ဆိုရိုးစကား ဖြစ်ရအောင်ပင် တကယ်ကို သုံးတောင်မျှသာရှိသော အဝတ်ဖြင့် ကျွန်မတို့ ထမီဝတ်ခဲ့ကြသည်။ ပြန့်ထမီသည် အကန့်အသတ်နှင့်သာ အသုံးကျ ခရီးရောက်၏။ စဉ်းစားကြည့်တော့ အမယ်လေး ပြန့်ထမီဝတ်ရတာ တော်တော် ကျပ်တည်းတာပဲ။ နောက်ပြီး ခြေလှမ်းလှမ်းလို့ လွယ်အောင် ဒူးဆစ်ဆီမှာ ချိတ်ဖြင့် တွယ်ချိတ်ထားလျှင် လမ်းလျှောက်သည့်အခါ ခြေသလုံးသား ဖွေးဖွေးဟာ မမြင်ချင်အဆုံး ဖြစ်လိမ့်မည်။ ခြေသလုံးဖုံးရန် ချိတ်ကို ခြေသလုံးထိဆင်းပြီး တွယ်ချိတ်ထားပြန်တော့ လမ်းလျှောက်သည့်အခါ တုံ့နှေးတုံ့နှေး ဖြစ်မည်။ ခြေတလှမ်းကို ကုဋေတသန်းတန်အောင် နှေးကွေးစွာ စိပ်စိပ်လှမ်းနေရမည်။ ပြန့်ထမီ မကောင်းသော ပြစ်ချက် နောက်တခုမှာ အမျိုးသမီး၏ ခါးအောက်ပိုင်း ရှေ့ပိုင်း မြင်ကွင်းကို အဝတ်စ နှစ်ထပ်ဖြင့်သာ ကာကွယ်ပေးနိုင်ခြင်း ဖြစ်သည်။ ဘယ်မှ ညာသို့ ပတ်သော အပေါ်လွှာတထပ်၊ ဒါပဲ။ ဟိုတုန်းက ပိုးထည်တွေကလည်း အပါးသား မဟုတ်လား။ မပြအပ်သည့် အရာ၏ အရေးအကြောင်းတို့ကို သိပ်ဖုံးကွယ်ပေးနိုင်မည် မထင်ပါ။

နောက်ပိုင်းမှာ ကွင်းထမီတွေ ဝတ်လာကြသည်။ ကွင်းထမီ၏ ကောင်းကျိုးတွေကြောင့် ဖြစ်သည်။ ခြေလှမ်းရတာ လွယ်ကူသည်။ ခြေလှမ်းတော်တော် ကျဲလိုလျှင် ထမီအထက်ဆင်စကို စုလုံးပြီး ခြေသလုံးပေါ်အောင် တိုတို ဝတ်နိုင်သေး၏။ ရှည်ချင်လျှင်

www.burmeseclassic.com

အထက်ဆင်ပိုင်းကို ဖြန့်ပြီး ခြေမျက်စိဖုံးအောင် ဝတ်နိုင်သေး၏။ ကွင်းထမီ၏ ကျွန်မအကြိုက်ဆုံး အချက်မှာ ခါးအောက်ပိုင်း ရှေ့မြင်ကွင်းကို တော်တော်လုံခြုံအောင် ဖုံးပေးနိုင်ခြင်းပင်ဖြစ်သည်။ စကတ်မှာက အဝတ်စ တလွှာတည်းသာ ဖုံးထားသည်။ စကတ်ထမီမှာ ရှေးခေတ်က ပြန့်ထမီမှာ အောက်လွှာနှင့် အပေါ်လွှာဟု နှစ်ထပ်ဖြင့်သာ ဖုံးထားသည်။ ကွင်းမှာက သုံးထပ် . . . ဘယ်မှ ညာသို့ ပတ်ယူသော အောက်အလွှာတထပ်၊ ညာမှ ဘယ်သို့ ယူ၍ ချိတ်သော အပေါ်လွှာက နှစ်ထပ် မဟုတ်လား။ အားလုံးသုံးထပ်ပေါ့။ ဘယ်လောက် လုံခြုံလိုက်ပါသလဲ။

ယခုတလော မိန်းကလေးတွေ ပါးပါးလုပ်လုပ် ပျော့ပျော့အိအိ အဝတ်စများကို ဂါဝန်ဖြောင့်ဖြောင့် အရှည်ကလေးတွေ စကပ်ကလေးတွေ ချုပ်ဝတ်နေတာ မြင်ရသည်။ အဝတ်အဆင် ကလေးတွေ လှပါရဲ့ ဆန်းပါရဲ့။ တခါတခါ အဝတ်က ပါးလို့လား။ ချုပ်တဲ့သူက အချိုးမကျလို့လား။ ကိုယ်ခန္ဓာကိုက ထင်ရှားနေလို့လား မသိ၊ ရှေ့မြင်ကွင်းက သိပ်မလှပတာတွေ ကျွန်မ ကြုံရမြင်ရသည်။ လိင်ဆွဲဆောင်မှုတော့ ဖြစ်စရာမဟုတ်၊ ဟားစရာပဲ ဖြစ်မည်ထင်သည်။ ကျွန်မကိုက မိန်းကလေးတွေနှင့် ပတ်သက်ပြီး နည်းနည်းမျှ ပြောစရာအကွက် မဖြစ်စေချင်လို့လား မသိ။ မြင်လို့တော့ သိပ်မကောင်းတာ အမှန်ပါပဲ။ အပေါ်က တီရှပ်ပွပွ ရှည်ရှည်ကြီးတွေ ဖုံးပြီး ဝတ်ထားတာမြင်ရလျှင် ကျွန်မ စိတ်ချမ်းသာရလေသည်။

ကျွန်မတို့ဆီမှာ သူတို့ နိုင်ငံတွေမှာလို လုပ်ငန်းခွင်မှာ လိင်အမြတ်ထုတ်ခံရခြင်း သိပ်မရှိဘူးထင်သည်။ သိပ်မကြားရဘူးဆိုတော့ သိပ်မရှိလို့ ဖြစ်မှာပေါ့နော်။ သူတို့ဆီမှာတော့ အလုပ်ရှင်က အလုပ်သမကို အသားယူတာ၊ အမြတ်ထုတ်တာ၊ ဆတ်ဆော့တာ၊ မြူဆွယ်ဖျားယောင်းတာ ခဏခဏ ကြားရဖူးသည်။ တရားရုံးတွေမှာ အဲသည်လိုအမှုတွေ အများကြီးပဲဟု ပြောပြပါသည်။ ကျွန်မတို့ဆီက အစိုးရရုံးတွေ ပုဂ္ဂလိကရုံးတွေမှာ အဲသည့် မတော်တရော်အဖြစ်တွေ သိပ်အသံမထွက်လာပေ။ ကျွန်မတို့ မိန်းမတွေက သူတို့ဆီက မိန်းမတွေထက်ပိုပြီး အနေအထိုင် ထိန်းချုပ်လို့လား။ ကျွန်မတို့ဆီက ယောကျ်ားတွေက သူတို့ထက်ပိုပြီး ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားကြလို့လား။ သို့မဟုတ် အမှုကို ရဲတိုင်လောက်အောင်

www.burmeseclassic.com

သတ္တိမရှိကြလို့လား။ (ဖျက်ခံထားရ) အကြောင်းတော့ အမျိုးမျိုး ရှိမှာပေါ့လေ။

အထည်ချုပ်စက်ရုံက အလုပ်သမလေးတွေဆီက မကျေနပ် အသံမျိုးတွေတော့ ကျွန်မ တခါတခါ ကြားရဖူးပါရဲ့။ ဒါက ရာခိုင်နှုန်းနှင့် ယှဉ်ကြည့်တော့ သိပ်မရှိပါ။ ဒါကလည်း တချို့က လုပ်ငန်းခွင်မှာ အဆင်မပြေမှာစိုးလို့ အလုပ်လက်မဲ့ ဖြစ်မှာစိုးလို့၊ အရှက်ကွဲမှာစိုးလို့ သည်းညည်းခံ မြိုသိပ်နေခဲ့သည့် အမှုတွေ ဘယ်လောက်များမှန်း မသိ။ ဘတ်စ်ကားပေါ်မှာ မတော်တရော် ထိတွေ့မှုတွေဖြင့် အမျိုးသမီးတွေ အမြတ်ထုတ် ခံနေကြရတာလည်း အရည်အတွက်တော့ မနည်းလှပါ၊ သူတို့ တိုင်တာတွေလည်း တခါမှ ကျွန်မ မကြုံဘူး မကြားဘူးပါ။ သည်တော့ ရဲစခန်းမှာ တိုင်ချက်ဖွင့်ခံရသည့် လိင်ဆိုင်ရာ အမြတ်ထုတ်ခံရမှုများ ဘယ်လောက်များပြားနေခဲ့သလဲ၊ စာရင်းဇယား မှန်းချေ ကျွန်မတို့ မသိနိုင်ပါ။ မတိုင်ကြဘူးဆိုတော့ သိပ်နစ်နာစွာ အမြတ်ထုတ်ခဲ့ခြင်းမျိုး မဟုတ်လို့ပဲဟု စိတ်ဖြေစရာ ရှိပါသည်။

ဘာပဲဖြစ်ဖြစ် လမ်းပေါ်မှာ အငှားကားပေါ်မှာ တွေ့ရမည့် ယောကျ်ားတွေသည် ပြစ်မှုကျူးလွန်ရန် အလားအလာရှိသော (potential) စိတ်ဓာတ်ပိုင်ရှင်များ ဖြစ်ကြသည်မှာ အမှန်ပဲဖြစ်သည်။ အခြေအနေနှင့် အချိန်အခါ အခွင့်အရေး သင့်တင့်မျှတလျှင် ယိမ်းယိုင်နိုင်စွမ်း ရှိသူများချည်း ဖြစ်သည်မဟုတ်လား။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ စိတ်ယိမ်းယိုင်မှု အလားအလာ သိပ်မကွာပေမယ့် ခန္ဓာဗေဒနှင့် ဇီဝရုပ်တည်ဆောက်ပုံ ဇီဝကမ္မသဘောတရားအရ ယောကျ်ား၏ စိတ်ယိမ်းယိုင်မှုက ပို၍ လျှင်မြန်သည်ဆိုတာ မိန်ကလေးတွေ သဘောပေါက်ထားသင့်သည်။ ကျွန်မတို့ မသိသော ယောကျ်ားတွေ၏ မြင့်မြတ်မှုအပေါ် မိမိ၏ လုံခြုံမှုကို ပုံအပ် ယုံကြည်ပစ်လိုက်မည့်အစား မိမိကိုယ်တိုင် ထိန်းချုပ်ရှောင်ကြဉ် ခြင်းဖြင့် လုံခြုံမှုကို မရှာဖွေသင့်ဘူးလား။ ကျွန်မတို့ဘက်က တတ်နိုင်သမျှ လုံခြုံမှုရထားဖို့ မလိုအပ်ဘူးလား။

မိမိ၏ စိတ်ဆန္ဒ သဘောတူညီမှု သာယာမှုမပါဘဲ မိမိ၏ လိင်အပေါ်မှာ အမြတ်ထုတ် အသားယူခံရသည့်အဖြစ်မှာ ကျွန်မတို့ မိန်းကလေးတွေအတွက် ဆိုးဝါးတဲ့ နစ်နာမှုပဲ။ ဒါထက် ဆိုးတာက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ကလည်း နစ်နာသေးရဲ့ အဲဒီ နစ်နာမှုဟာ ကျွန်မတို့ ဝတ်စားဆင်ယင်ပုံ လျှပ်ပေါ်လော်လီလို့ ဖြစ်ရတာပေါ့ဟု စော်ကားသူတွေဘက်က ဆင်ခြေပြနိုင် လောက်အောင်လည်း ကျွန်မတို့မှာ ဟာကွက်တွေ ရှိနေမယ်ဆိုလျှင် ကျွန်မတို့ဘက်မှ နစ်ခါမနာရပေဘူးလား။

တခါတခါ နိုင်ငံခြား ရုပ်ရှင်မင်းသမီးများ၏ ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး ကျွန်မတို့ စိတ်အခန့်မသင့်ဖြစ်ရသည်။ သူတို့က ကျွန်မတို့နှင့် ပြောင်းပြန် ကိုယ်အထက်ပိုင်းကို ဖော်နိုင်သမျှ ဖော်ဖို့ ကြိုးစားတီထွင် ပြကြ၏။ တချို့ဝတ်ထားသည့် အဝတ်စားတွေက ရင်သားကို နည်းနည်းကလေး ဖုံးသည်ဆိုရုံကလေး ဖုံးဟန်ပြထားသည့် ပုံစံမျိုး။ ဖြစ်မှဖြစ်ရလေ ဒါဆိုလဲ ဝတ်မနေပါနဲ့တော့ တခါတည်း ချွတ်ပဲထားလိုက်ပါ တော့လား . . . ဟု ကျွန်မ ရေရွတ်မိသည်အထိ စိတ်အနှောက်အယှက် ဖြစ်ခဲ့ကြရသည်။

(ဖျက်ခံထားရ) ဘာကြောင့်များ မိမိနှင့် မသက်ဆိုင်သည့် ယောကျ်ားအားလုံးကို ပြချင်ရတာလဲ။ မိန်းမတွေရဲ့ အဲဒီစိတ်ဟာ တော်တော်ထူးဆန်းတာပဲ . . . ဟု ကျွန်မ နားမလည်နိုင်အောင် ဖြစ်မိသည်။ အဲသည်လို မိန်းမတွေဟာ ယောကျ်ားနှင့် မိန်းမ တန်းတူအခွင့်အရေးရော လိုချင်ရဲ့လား၊ ယောကျ်ား၏ ဉာဏ်ရည်ကို ရင်ဘောင်တန်း အမှီလိုက်နိုင်သည့် ဉာဏ်ရည်မျိုးတွေရော လိုချင်ရဲ့လား။ မိမိ၏ မိန်းမဆန်ဆန် လှပနွဲ့နှောင်းမှု ခန္ဓာ၏ လိင်ခွန်အားကိုသာ အဓိက တန်ဖိုးထားသူများ ဖြစ်လေသလား။ ကိုယ့်ကိုကိုယ် ချစ်သည့် မြေမျှကျ အမျိုးအစားအဖြစ် သတ်မှတ်ရမလား။

ရုပ်မြင်သံကြားမှာ ရုပ်ရှင်မှာ အဲသည်လို မိန်းမမျိုးတွေက အလှအပကို မတော်တရော် ပြရော၊ သူတို့ ကိုယ်တိုင်ကတော့ လမ်းပေါ်မှာ လုပ်ငန်းခွင်မှာ လျှောက်သွားနေရတာ မဟုတ်၊ လုံခြုံရေးအစောင့်တွေနှင့် အလုံပိတ် အဖိုးတန်ကားတွေနှင့် လုံခြုံရေးစနစ် ကောင်းကောင်းဖြင့် စောင့်ရှောက်ကာကွယ်ထားသော အိမ်ကြီးတွေနှင့် လုံခြုံလို့။ သူတို့ကိုကြည့်ပြီး မတော်တရော်စိတ်တွေ ထကုန်မယ့် ယောကျ်ားတချို့ကို သူတို့ ကြုံကြိုက်ရင်ဆိုင်ရမှာ မဟုတ်၊ အဲသည် potential ယောကျ်ားတွေကို လျှပ်စစ်ကူးအောင် သူတို့ကိုက ဖန်တီးပေးလိုက်မိပြီ

www.burmeseclassic.com

ဆိုတာလည်း အသိဝင်စရာ မလိုပေ။ အဲသည် ယောကျ်ားတွေကို ကြုံကြိုက်ရင်ဆိုင်ရသည်က သာမန်အမျိုးသမီးကလေးတွေ . . . ။

အလုပ်ခွင်မှာ . . . ၊ ဘစ်စကားပေါ်မှာ . . . ၊ မြေအောက် ရထားဘူတာရုံမှာ နေ့စဉ်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေကြသည့် မိန်းကလေးတွေ . . . ။ သူတို့လေးတွေကသာ ထိုယောကျ်ား အမျိုးအစားအတွက် သားကောင်တွေ ဖြစ်ရသည်။ သူတို့လေးတွေမှာ ဘော်ဒီဂတ် မရှိပါ။ လက်နက်ကိုင် လုံခြုံရေးအစောင့် မရှိပါ။ အဖိုးတန်ကားကြီးတွေ မရှိပါ။ သူတို့လေးတွေ လုံခြုံမှုကို ဘယ်သူကများ ကာကွယ်ပေးနိုင်မို့လဲ။ အလုပ်ခွင်မှာလည်း ယောကျ်ားတွေ၊ လမ်းပေါ်မှာလည်း ယောကျ်ားတွေ . . . မြေအောက် ရထားဘူတာရုံမှာ ရထားတွဲထဲမှာလည်း ယောကျ်ားတွေ . . . မိမိတိုက်ခန်းအဝင် စင်္ကြံ ဟိုဘက် သည်ဘက် တွေမှာလည်း ယောကျ်ားတွေ . . . ။ သည့်ထက် လုံခြုံသည့် တိုက်ခန်းသို့လည်း ငွေကြေး အခြေအနေရ မပြောင်းနိုင်။ သူတို့အတွက် ဘာကို အကာအကွယ် ယူရမှာလဲ။ အဲသည် အခါမျိုးမှာ မိမိဘေးအတွက် ယောကျ်ားတွေ၏ မြင့်မြတ်မှုကို အားကိုးယုံကြည်ထားရရုံပဲလား။ တခြား ဘာနည်းတွေများ ရှိသေးလိုလဲ။

ကျွန်မတို့ မိန်းမတွေမှာ နူးညံ့ပျော့ပြောင်းမှုအရ၊ ကိုယ်ခန္ဓာ၏ တည်ဆောက်ပုံ သဘာဝအရ ယောကျ်ားတွေ၏ သားကောင်ဘဝသို့ ရောက်နေကြပြီးသားပါ။ ကျွန်မတို့ဟာ သူတို့ရဲ့ သားကောင်ပါလား . . . ဟူသည့်အမြင်မျိုး သူတို့မှာ ပျောက်ကွယ်သွားအောင် ဒါမဟုတ် တတ်နိုင်သမျှ သူတို့ မေ့ထားလို့ရအောင် ကျွန်မတို့က နည်းမျိုးစုံဖြင့် ရှောင်တိမ်းကာကွယ် နေမှဖြစ်မည်။ သူတို့နှင့် ဉာဏ်ရည်တူအောင် အရည်အချင်းတူအောင် ကိုယ့်ကို လေးစားလာအောင် ကျွန်မတို့ လုပ်နိုင်တာပဲ။ ကိုယ်ခန္ဓာအလှအပ၊ အသားအရည် နူးညံ့မှု စသည်တို့ဖြင့် ဆွဲဆောင်စရာ အဖြစ်မျိုးတွေ တခါ နှစ်ခါ တယောက် နှစ်ယောက်နှင့်တော့ ကြုံရမှာပေါ့။ တော်ပြီပေါ့။ ဘာဖြစ်လို့ ဒီလက်နက်တွေကိုချည်း အရေးတယူ ထုတ်သုံး နေရသလဲ။ တခြားလက်နက်တွေ မရှိလို့များလား။ အဲဒီ ခေတ်ပုံဆရာ ကြော်ငြာဒါရိုက်တွေက ယောကျ်ားတွေချည်းပဲမို့ ယောကျ်ားတွေရဲ့ အကြိုက်ကို သိတတ်စွာ ဖြည့်ဆည်း ပေးနေကြတာလား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အူအူကြောင်ကြောင် စဉ်းစားကြည့်လိုက်တိုင်း ဦးနှောက်တွေ ခြောက်ခြားသွားသည်။

သချာတာတခုကတော့ ကျွန်မတယောက်ထဲ အတွေးတွေ ခေါင်နေခြင်း ဖြစ်ရမည်။ ကမ္ဘာလောကကြီးကတော့ သာယာလို့၊ လှပ . . . လို့၊ ယောကျ်ားတွေနှင့် မိန်းမတွေလည်း အပေးအယူတွေမျှလို့၊ အနုပညာ ဖန်တီးသူနှင့် ခံစားသူ ပြေလည်လို့၊ (ဖျက်ခံထားရ) အားလုံးချော့မွေ့လျက် ရှိသည်။

(သင့်ဘဝအောင်မြင်ရေး အမှတ် (၁၀)၊ ၁၉၉၉ ခုနှစ်ထုတ် မဂ္ဂဇင်းမှ ဂျူးရဲ့ **မတော်တရော်** ဆောင်းပါး ဖြစ်ပါတယ်။)

www.burmeseclassic.com